## March 1 (မတ်လ ၁)

**ထိုသို့ပြုလျှင် အဘယ်သူမျှ ကြံ၍မမှီနိုင်သော ဘုရားသခင်၏ ငြိမ်သက်ခြင်းသည်ယေရှုခရစ် အားဖြင့် သင်တို့၏စိတ်နှလုံးတို့ကို စောင့်မလိမ့်မည်။ (ဖိ ၄း၇)**

ဤနေရာ၌ ရည်ညွှန်းထားသောအရာသည် ကျွန်ုပ်တို့၏ငြိမ်သက်ခြင်းမဟုတ်ပါ။ဘုရားသခင်၏ငြိမ်သက်ခြင်းဖြစ်ပါသည်။ သူ၏သားသမီးများအဖြစ် သူ၏လက်ျာလက်တော်အားဖြင့် ကျွန်ုပ်တို့အား ဆုပ်ကိုင်ရန် ဘုရားသခင်၏ အလိုဆန္ဒရှိခြင်းကိုင်း၊ကောင်းမြတ်ခြင်းနှင့် တန်ခိုးတော်ကို သိမှတ်နားလည်ခြင်းတစ်ခုမှ ကျွန်ုပ်တို့ထံသို့ ရောက်ရှိလာသော ငြိမ်သက်ခြင်းဖြစ်ပါသည်။ ကင်းစောင့်တဦးအဖြစ်ဤငြိမ်သက်ခြင်းသည် ကြောက်ရွံ့ခြင်း (သို့)စိုးရိမ်သောအတွေး(သို့)ဆန့်ကျင်မှုတိုင်းကို စိန်ခေါ်ရန်အဆက်မပြတ်ကာကွယ်စောင့်ရှောက်ပေးသည်ဟူသော အတွေးဖြစ်ပါသည်။ မိတ်သဟာရဖွဲ့ခြင်း၊ ပေါင်းသင်းဆက်ဆံခြင်း၊ ဘုရားသခင်နှင့်အတူ နှလုံးသား၌ ငြိမ်သက်ခြင်းရှိရန်အလို့ငှာ ခရစ်ယာန်၏ စိတ်နှလုံးကိုစောင့်ထိန်းပါသည်။ ၎င်းသည် သူ၏စိတ်နှလုံး၊သူ၏ကျိုးကြောင်းစီလျော်သော စဉ်းစားတွေးခေါ်ခြင်းစွမ်းအားများကိုလည်း စောင့်ရှောက်လျက် ဘုရားသခင်နှင့်စပ်ဆိုင်သော တန်ခိုးတော်ဉာဏ်ပညာနှင့်ချစ်ခြင်းမေတ္တာနှင့်ပတ်သက်၍ သူ့အားစိတ်ချစေခြင်း သူ့အားညွှန်ကြားခြင်း၊သူ၏ကျိုးကြောင်းစီလျော်သောစဉ်းစားတွေးခေါ်ခြင်းစွမ်းအားများနှင့် သူ၏စိတ်နှလုံးကိုလည်းစောင့်ရှောက်ပါသည်။

## March 2 (မတ်လ ၂)

**ကြွင်းသေးသောစကားဟူမူကား၊ညီအစ်ကိုတို့<u>သမ္မာတရားနှင့်ဆိုင်သောအကျင့်၊လျောက်ပတ်သောအကျင့်</u>၊ဖြောင့်မတ်သောအကျင့်၊စင်ကြယ်သောအကျင့်၊ချီးမွမ်းဘွယ်သောအကျင့်ရှိသမျှတို့ကိုငင်း၊ပါရမီတပါးပါး၊ကောင်းသောသတင်းတပါးနှင့် ဆိုင်သောအကျင့်တို့ကိုငင်း၊နှလုံးသွင်းကြလော့ ။ (ဖိ ၄း၈)**

မဟုတ်မမှန်ပြောဆိုခြင်း(သို့)ပိုလျှံ၍ပြောဆိုခြင်း(ပုံကြီးချဲ့)နှင့်အတူဖော်ပြသောမည်သူမဆို သည် သူ့ကိုယ်ကိုအားအနည်းနဲ့အများ ညစ်ညူးစေလျက်ရှိပါသည်။ချဲ့ကားပြောဆိုခြင်းကို ရှောင်လျက် သူ၏အတွေးများကိုစင်ကြယ်စေသော မည်သူမဆိုသည် ထိုပမဏနှင့်အညီ သူ၏စိတ်နှလုံးနှင့်သူ၏စရိုက်လက္ခဏာတခုလုံးကို စင်ကြယ်စေလျက်ရှိပါသည်။ သမ္မာတရားများကို ကျွန်ုပ်တို့သည်အမှန်သိကြသောသူများဖြစ်ကြသည်နှင့် မလုံလောက်ပါ။ ကျွန်ုပ်တို့သည် ဆက်လက်ပြီး သူတို့အားစုံစမ်းစစ်ဆေးကြရမည်ဖြစ်ပါသည်။ သူတို့သည် မည်မျှအတိုင်းအတာအထိ ဘုန်းအသရေရှိကြသည်၊ မွန်မြတ်ကြသည်ကို ကောင်းစွာသိမြင်ကြရမည်ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် သခင်ဘုရားသည် ကျွန်ုပ်တို့၏ စရိုက်လက္ခဏာများမှ ယုတ်ညံ့သောကြံအင်လက္ခဏာများကို ဖုံးအုပ်လျက် သူ၏ကျေးဇူးပြုခြင်းနှင့်အတူ အဆုံးအထိကျွန်ုပ်တို့အားဖုံးအုပ်ရန် ရည်ရွယ်ထားသော်လည်း ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ကျဆင်းလျက်ရှိသောအခြေအနေနှင့်အတူ အားပေးထောက်ခံခြင်း၌ ကျွန်ုပ်တို့သည်မရှိနိုင်ကြပါ။သို့သော်ဆန့်ကျင်ဘက်၌ ကျွန်ုပ်တို့သည်ကျွန်ုပ်တို့၏ ဘုရားသခင်နှင့်အတူ၊ ကျွန်ုပ်တို့၏အပေါင်းအဖော်များနှင့်အတူထိတွေ့

ဆက်ဆံခြင်းအားလုံးတို့၌၎င်း၊ကျွန်ုပ်တို့၏စဉ်းစားတွေးတောခြင်းများ၌၎င်း၊ ဂုဏ်အသရေနှင့်စပ်ဆိုင်သော အမြင့်မားဆုံးသောစံနှုန်းများနှင့် စစ်မှန်သော မွန်မြတ်ခြင်းကို လိုလားကြရမည်ဖြစ်သောကြောင့်ဖြစ်ပါသည်။

## March 3 (မတ်လ ၃)

**ကြွင်းသေးသောစကားဟူမူကား၊ညီအစ်ကိုတို့သမ္မာတရားနှင့်ဆိုင်သောအကျင့်၊လျောက်ပတ်သောအကျင့်၊ ဖြောင့်မတ်သောအကျင့်၊စင်ကြယ်သောအကျင့်၊သူတပါးနှစ်သက်ဘွယ်သောအကျင့်၊ ချီးမွမ်းဘွယ်သော အကျင့်ရှိသမျှတို့ကိုငင်း၊ နှလုံးသွင်းကြလော့။ (ဖိ ၄း၈)**

ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ စိတ်နှလုံးများကို မတရားမှု၊ မဖြောင့်မတ်မှု ဖြစ်လိမ့်မည်ဖြစ်သော လိုင်းကြောင်းတလျှောက် လှုပ်ရှားရန်ခွင့်ပြုကြရမည်မဟုတ်ပါ။ ကျွန်ုပ်တို့၏အပြုအမူ၊ အပြောအဆိုနှင့်စဉ်းစားတွေးတောမှုတိုင်းကို တရားသဖြင့် စီရင်ခြင်းနှင့်စပ်ဆိုင်သော ဤစစ်ဆေးခြင်းကို အသုံးပြုရန် ကျွန်ုပ်တို့သည် လေ့လာကြရမည်ဖြစ်သလို၊ ကရုဏာ၊ ခွင့်လွှတ်ခြင်း၊သနားကြင်နာခြင်း၊အကူအညီဖြစ်ခြင်း၊ ရှု့ထောင့်မှဖြစ်နိုင်သမျှအတိုင်း အကျိုးသင့်အကြောင်းသင့်ကို ခွင့်ပြုသည့် ဤခြားနားသော ရှု့ထောင့်တစ်ခုမှ အခြားသူတို့၏ အပြုအမူကို ကြည့်ရှု့ရန် တချိန်တည်းမှာ လေ့လာကြရမည်ဖြစ်ပါသည်။

## March 4 (မတ်လ ၄)

**ကြွင်းသေးသောစကားဟူမူကား၊ညီအစ်ကိုတို့သမ္မာတရားနှင့်ဆိုင်သောအကျင့်၊လျောက်ပတ်သော အကျင့်၊ဖြောင့်မတ်သောအကျင့်၊စင်ကြယ်သောအကျင့်၊သူတပါးနှစ်သက်ဘွယ်သောအကျင့်၊ ချီးမွမ်းဘွယ်သောအကျင့်ရှိသမျှတို့ကိုငင်း၊ ပါရမီတပါးပါး၊ကောင်းသော၊သီတင်းတပါးပါး နှင့် ဆိုင်သော အကျင့်တို့ကိုငင်း နှလုံးသွင်းကြလော့။ (ဖိ ၄း၈)**

ကျွန်ုပ်တို့အားနာကျင်စေလျက် စိတ်မချမ်းမသာဖြစ်ပြီး ကျွန်ုပ်တို့သည်၎င်းအား ကျွန်ုပ်တို့၏မှတ်ဉာဏ်မှဖယ်ရှားရန် အလိုရှိကြမည်ဖြစ်သော၊ကျွန်ုပ်တို့အား ဒုက္ခပေးလျက်နာကျင်စေရန်ဖြစ်လာမည်ဖြစ်သော၊မစင်ကြယ်သောအရာကို အတိုင်းအတာပမာဏတခုအထိ စင်ကြယ်စေခြင်းကို ဖွံ့ဖြိုးတိုးတက်စေလျက်ချစ်ကြရမည်ဖြစ်ပါသည်။ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ မှတ်ဉာဏ်ထဲမှ၎င်းအားရပ်စဲရန်လိုလားကြမည်ဖြစ်ပါသည်။မစင်ကြယ်သောအရာများကို စဉ်းစားတွေးတောခြင်းကိုရှောင်ရှားလျက်စင်ကြယ်သောအရာများအပေါ် အဆက်မပြတ်စဉ်းစားတွေးတောခြင်းအားဖြင့်သာလျှင် ဤအရာကိုပြီးပြည့်စုံစေလိမ့်မည်ဖြစ်ပါသည်။ကျွန်ုပ်တို့သည် စစ်မှန်သောချစ်ခြင်းကိုသိမှတ်လျက်၊အလွန်လေးစားတန်ဖိုးထားကြရမည်ဖြစ်ပါသည်။ကျွန်ုပ်တို့သည်အစင်ကြယ်ဆုံးသောအရာများကို စဉ်းစားတွေးတောသောအခါ ကျွန်ုပ်တို့သည်ဖြစ်နိုင်သမျှအတိုင်းမြင့်မားသောအမှတ်တစ်ခုသို့ကျွန်ုပ်တို့၏စိတ်ပိုင်းဆိုင်ရာရှုပါရုံကို မဖြစ်မနေချီမကြရမည်ဖြစ်ပါသည်။ ကျွန်ုပ်တို့တတ်စွမ်းနိုင်သမျှနီးနိုင်သမျှနီးစွာ ကျွန်ုပ်တို့၏ဘုရားသခင်နှင့်ကျွန်ုပ်တို့၏သခင်ယေရှုခရစ်၏ စုံလင်သောဂုဏ်အင်္ဂါ၏ ချစ်ခင်နှစ်လိုဘွယ်ကောင်းခြင်းနှင့် သူ၏ခြေတော်ရာ

မျာ၌ နီးကပ်စွာ လျှောက်လှမ်းသောသခင်ယေရှု၏နောက်လိုက်များတစ်ဦးနှင့်တစ်ဦးအကြား၌ ထင်ရှားပြသခဲ့သော ချစ်ခင်နှစ်လိုဘွယ်ကောင်းခြင်းကို ဖြစ်နိုင်သမျှအတိုင်း နီးကပ်နိုင်သမျှ နီးကပ်စွာသိမှတ်ကြရမည်ဖြစ်ပါသည်။

## March 5 (မတ်လ ၅)

**ပါရမီတပါးပါး၊ကောင်းသော၊သိတင်းတပါးပါးနှင့်ဆိုင်သော အကျင့်တို့ကိုဝင်း၊နှလုံးသွင်းကြလော့။ (ဖိ ၄း၈)**

မည်သည့်ကောင်းမြတ်ခြင်း(သို့)ချီးမွမ်းထိုက်သောမည်သည့်အတိုင်းအတာပမာဏတခု၌မဆို အရေးပါသော အရည်အသွေးနှင့်ဆိုင်သောအရာများ မည်သူမဆို၏မွန်မြတ်သော သဘောထားများ၊ မွန်မြတ်သော အပြုအမူများ(သို့)မွန်မြတ်သောအပြောအဆိုများ၊စတဲ့မည်သည့်အတိုင်းအတာပမာဏ၌မဆို ချီးမွမ်းထိုက်သောအရာများအပေါ်တွင် ကျွန်ုပ်တို့သည် ဆင်ခြင်စဉ်းစားနိုင်ပါသည်။ထိုကဲ့သို့ကျွေးမွေးခဲ့သည့် အကျိုးကျေးဇူးတခုအဖြစ် ကျွန်ုပ်တို့၏စိတ်နှလုံးများ၊ကျွန်ုပ်တို့၏ အသစ်သောသဘောသဘာဝအပေါ်၌ ထိုခြောက်ပစ်ကင်းသောအတွေးများစီသို့ ကြီးထွားလျက်ရှိသည်ကို ကျွန်ုပ်တို့ကိုယ်ကျွန်ုပ်တို့တွေ့ရှိကြပါသည်။ ကျွန်ုပ်တို့၏ စိတ်နှလုံးများကို အသစ်ပြုပြင်ခြင်းအားဖြင့် ကျွန်ုပ်တို့သည်ပို၍ပို၍ပုံသဏ္ဍာန်ပြောင်းလဲလာကြမည်ဖြစ်ပြီး ကျွန်ုပ်တို့၏သခင်၏ဘုန်းအသရေနှင့် ကြွယ်ဝပြည့်စုံသောတူညီခြင်းသို့သာ၍သာ၍ နီးကပ်စွာ ချဉ်းကပ်လာကာ၊ ဤလက်ရှိဘဝအသက်တာအတောအတွင်း တဖြည်းဖြည်းချင်း၊ တဆင့်ပြီးတဆင့်၊ တရွေ့ရွေ့၊ဘုန်းအသရေတပါးမှတပါးသို့ ပြောင်းလဲခြင်း ခံရကြမည်ဖြစ်ပါသည်။ ဤသဘောထား၌ရှိသော ကျွန်ုပ်တို့၏ တွေးတောစဉ်းစားခြင်းများနှင့် သခင်ဘုရားနှင့်အတူ ကျွန်ုပ်တို့၏ပေါင်းစည်းခြင်းသည် သခင်ဘုရား၏ ပုံသဏ္ဍာန်နှင့် တူညီခြင်း၌ ကျွန်ုပ်တို့အား ထာဝရစုံလင်စေမည်ဖြစ်သော ပထမထမြောက်ခြင်း၌ ကျွန်ုပ်တို့အား ပါဝင်ဖို့ရန် ဆက်လက်ထိန်းသိမ်းထားပါသည်။

## March 6 (မတ်လ ၆)

**ငါသည်တွေ့ကြုံသမျှသောအခြင်းအရာတို့၌ရောင့်ရဲသောစိတ်ရှိအံ့သော ငှါသင်မိပြီ၊ရှုတ်ချခြင်းကို ၎င်း၊ ကြွယ်ဝခြင်းကို၎င်း ခံတတ်၏၊ ဝစွာစားခြင်း၊မွတ်သိပ်ခြင်း၊စည်းစိမ်ရှိခြင်း၊ဆင်းရဲခြင်းတို့ကို ခံရအံ့သောငှါ အရပ်ရပ်တို့တွင် အရာရာ၌ သင်မိပြီ ။ (ဖိ ၄း၁၁-၁၂)**

အလွန်အပြောင်းအလဲများသော ဘဝအသက်တာ၌ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏အတွေ့အကြုံများကိုတွေ့ရှိခဲ့သည်ဆိုလျှင်အနာဂတ်ကာလ၌ ကျွန်ုပ်တို့အတွက် သူသည် ဒီဇိုင်းရေးဆွဲထားသောအရိုက်အရာအတွက် ကျွန်ုပ်တို့အား အရည်အချင်းပြည့်မှီစေရန်နှင့် သင့်လျော်စွာ ညွှန်ကြားရန် ဒုက္ခဆင်းရဲနှင့် ချမ်းသာကြွယ်ဝခြင်း၏အမြင့်နှင့်အနက်များနှစ်မျိုးစလုံးကို ကျွန်ုပ်တို့သည်လိုအပ်သည်ဟု သခင်ဘုရားသည်မြင်သည်ဟုနိဂုံးချုပ်နိုင်ပါသည်။တမန်တော်ပြုလုပ်ခဲ့သည့်အတိုင်း ကျွန်ုပ်တို့ဆက်ကပ်အပ်နှံခြင်းမှကျွန်ုပ်တို့အား လွဲသွားရန် မြေကြီးဆိုင်ရာကောင်းမွန်သောအရာတို့၏ ကြွယ်ဝခြင်းကိုခွင့်မပြုဘဲ မည်ကဲ့

သို့ကြွယ်ဝရန်လေ့လာကြပါစို့။ ဘုရားသခင်၏ ပညာနှင့်မစတော်မူခြင်းသည်ပေးရန်အကောင်းဆုံးဟု မြင်သည့်အရာထက် ကျော်လွန်၍ မည်သည့်အရာကိုမှ လိုချင်ခြင်းမရှိဘဲ လိုအပ်မှု၌ မည်ကဲ့သို့ဖြစ်ရမည်၊ မည်ကဲ့သို့ ရှောင့်ရဲရမည်ကိုလည်း သင်ယူကြပါစို့။

## March 7 (မတ်လ ၇)

**ဘုရားသခင်ကိုအဘယ်သူမျှမမြင်စဖူး၊သို့သော်လည်းအချင်းချင်းချစ်ကြလျက်၊ဘုရားသခင်သည်ငါတို့၌ တည်တော်မူ၍ ငါတို့သည် ချစ်ခြင်းမေတ္တာတော်နှင့်ပြည့်စုံလျက်ရှိကြ၏။ (၁ယော ၄း၁၂)**

ဘုရားသခင်၏အမြင်၌ ကျွန်ုပ်သည် တစ်စုံတစ်ဦးဖြစ်သည်(သို့)ဘာမှ မဟုတ်သောသူဖြစ်သည် ဆိုတာကို ကျွန်ုပ်တို့၏ အသိပညာ(သို့)ကျော်ကြားမှု(သို့)ဟောပြောခြင်းအတတ်ထက်သာ၍ သူ့အား ကျွန်ုပ်တို့၏ချစ်ခြင်း၊ညီအစ်ကိုများကိုချစ်ခြင်း၊သူ၏အမှုကိစ္စကို ချစ်ခြင်း၊ယေဘူယျအားဖြင့်လောကသား များကိုချစ်ခြင်းနှင့် ကျွန်ုပ်တို့၏ ရန်သူများကိုပင်လျှင် ချစ်ခြင်းအားဖြင့် တိုင်းတာပါသည်။

ထို့ကြောင့်စရိုက်လက္ခဏာကို တိုင်းတာခြင်း၌ ချစ်ခြင်းမေတ္တာကို ပထမဦးစွာထားကြရမည်ဖြစ် ပြီး၊ ၎င်းသည်ဘုရားသခင်နှင့်နီးကပ်ခြင်းနှင့် လက်ခံနိုင်ခြင်းအတွက် အဓိကစစ်ဆေးခြင်းဖြစ်သည်ကို စဉ်းစားတွေးတောရန် ဖြစ်ပါသည်။

သန့်ရှင်းသော ဝိညာဉ်တော်ကို အစပြုမွေးဖွားထားသော သူတို့သည်ကောင်းသောစိတ်ထားရှိ သင့်ကြပါသည်။ မှောင်မိုက်မှ သူ၏အံ့ဘွယ်သော အလင်းထဲသို့ ကျွန်ုပ်တို့အား ခေါ်သွင်းတော်မူခဲ့သော သူ၏ဂုဏ်ကျေးဇူးကို ဖော်ပြဖို့ရန် ဘဝ၏နေ့စဉ်အငန်းအတာအားလုံးတို့၌ ချစ်ခြင်းမေတ္တာနှင့် စပ်ဆိုင် သောစိတ်သဘောကို ထင်ရှားပြသခြင်းထက်သာ၍ ကောင်းသော နည်းလမ်းကျွန်ုပ်တို့တွင် မရှိနိုင်ပါ။

## March 8 (မတ်လ ၈)

**ယခုမူကား၊ဘုရားသခင်သည်အလိုတော်ရှိသည့်အတိုင်း အင်္ဂါများ၊ အသီးသီးတို့ကိုကိုယ်၌ စီရင်ခန့်ထားတော်မူ၏။ (၁ယော ၁၂း၁၈)**

သူ့တွင်အခြားအင်္ဂါမလိုအပ်ဘူးဟူ၍ပြောဆိုနိုင်သောခရစ်တော်၏ကိုယ်နှင့်စပ်ဆိုင်သော အင်္ဂါမရှိပါ။ကိုယ်အားအစေခံခြင်း၌ သူလုပ်ဆောင်နိုင်သော ဘယ်အရာမဆိုသည်ဘာမှ အကျိုးမရှိဘူးဟူ၍ ပြောနိုင်သောအင်္ဂါမရှိပါ။ ကျွန်ုပ်တို့၏ ဘုန်းအသရေနှင့် ကြွယ်ဝပြည့်စုံတော်မူသော ဦးခေါင်း၏လမ်းပြမှု အောက်၌သူ၏စိတ်သဘောနှင့်အတူ ပြည့်ဝလျက်ရှိပြီး သူ့အားအစေခံခြင်းအတွက် အလိုရှိသောအင်္ဂါ တခုစီတိုင်းသည် ထိုနည်းတူလုပ်ဆောင်နိုင်ကြပါသည်။ဆုလဒ်များအတွက် အချိန်ကာလရောက်လာခဲ့ သောအခါ သခင်ဘုရား၏အလုပ်၌သူတို့၏ပို၍ကျွမ်းကျင်သော ညီအစ်ကိုများကို အားပေးလျက်ထောက် ပံ့ခဲ့ပြီးအမျိုးမျိုးသော နည်းလမ်းများ၌ အစေခံခဲ့ကြသော ပြစ်ကီလနှင့်အာကုလကဲ့သို့သော နှိမ့်ချသောသူတို့မှ အချို့တို့အား ရှင်ပေါလုနှင့်အာပေါလုတို့ကဲ့သို့ မည်မျှလောက်အသုံးဝင်ခြင်းနှင့် စပ်ဆိုင်၍ သိမှတ်မည် မသိမှတ်မည်နှင့် ပတ်သက်၍ မည်သူသိနိုင်ပါသနည်း။

## March 9 (မတ်လ ၉)

**သင်တို့သည် သန့်ရှင်းသူတို့ကို အထက်ကလုပ်ကျွေးသည် သာမကၢယခုပင်လုပ်ကျွေးခြင်းအမှုကိုငှင်း၊ ထိုသို့ပြုသောအားဖြင့် နာမတော်ကို ထောက်၍ပြသောမေတ္တာကိုငှင်း၊ဘုရားသခင်သည်မေ့လျော့သည့်တိုင်အောင်၊အဓမ္မမှုကို ပြုတော်မူသည်မဟုတ်။ (ဟေဗြဲ ၆း၁၀)**

လူထုနှင့်ဆိုင်သောအစေခံခြင်းအတွက် ပို၍အကျိုးများသောအရိုက်အရာများ၌ဘုရားသခင်ခွဲခန့်မှတ်သားထားသောအခြားသူတို့နှင့်အတူ အတူတကွပူးပေါင်းလုပ်ဆောင်ခြင်းနှင့် ကူညီခြင်းမရှိဘဲ (သို့)မှောင်မိုက်မှ အံ့ဘွယ်သောအလင်းထဲသို့ ခေါ်သွင်းတော်မူသော သူ၏ဂုဏ်ကျေးဇူးများကို လူသိရှင်ကြား ဖေါ်ပြရန်နှင့် မင်းမျိုးမင်းနွယ်နှင့်ဆိုင်သော အောင်လံကိုသူကိုယ်တိုင် လွှင့်ထူရန်နေ့ရက်တစ်ရက်စီတိုင်းကို ရှာဖွေခြင်းမရှိဘဲ၊အစေခံခြင်းနှင့် အတူတကွ ပူးပေါင်းလုပ်ဆောင်ခြင်းအတွက် သူတို့၏ရွှေရောင်လွှမ်းသော အခွင့်အလန်းများနှင့်အတူ ယခုလက်ရှိ ရိတ်သိမ်းခြင်း အချိန်ကာလ၏ နေ့ရက်များကို ကုန်လွန်သွားခွင့်ပြုရန် ကျေနပ်ရောင့်ရဲမှုရှိသော ဘုရားသခင်၏ သားသမီးမရှိပါ။

## March 10 (မတ်လ ၁၀)

**ဒုစရိုက်၏လှည့်ဖြားခြင်းအားဖြင့် သင်တို့စိတ်နှလုံးမခိုင်မာစေခြင်းငှါ၊ ယနေ့ဟူ၍ခေါ်ဝေါ်သောအချိန် နေ့တိုင်းအစဉ်အချင်းချင်းတယောက်ကိုတယောက် တိုက်တွန်းနှိုးဆော်ကြလော့။(ဟေဗြဲ ၃း၁၃)**

ကျွန်ုပ်တို့အပေါ်တွင် သမ္မာတရား၏ နိုးဆော်သောတန်ခိုး ဆုံးရှုံးလျက်ရှိနေသောကြောင့် ဝိညာဉ်ပိုင်းဆိုင်ရာထိုင်းမှိုင်းခြင်း(သို့)စိတ်မဝင်စားခြင်း၊ကျွန်ုပ်တို့၏ ဝိညာဉ်ပိုင်းဆိုင်ရာ အာရုံများကိုမမြင်နိုင်စွာ တွေဝေထိုင်းမှိုင်းခြင်းသည် မည်သည့်အတိုင်းအတာ ပမာဏ၌မဆို ကျွန်ုပ်တို့အပေါ်တွင် တဖြည်းဖြည်း လွှမ်းမိုးလျက်ရှိနေသည်ကို ကျွန်ုပ်တို့သည် နားလည်သဘောပေါက်သောအခါ၊ ကျွန်ုပ်တို့၏ ပထမဆုံး တာဝန်မှာ ဆုတောင်းခြင်းသို့ ကျွန်ုပ်တို့ ကိုယ်တိုင်သွားလျက် ဘုရားသခင်နှင့် သူ၏နှုတ်ကပတ်တော်နှင့် အတူ မိသာဟာရဖွဲ့ရန် ဖြစ်ပါသည်။ဤသို့သောအားဖြင့် သန့်ရှင်းစင်ကြယ်ခြင်း တန်ခိုးကို နားလည်သဘော ပေါက်နိုင်မည် ဖြစ်ပါသည်။

ငါတို့သည် စိတ်စွဲလန်းခြင်းကို အစပြုသကဲ့သို့ အဆုံးတိုင်အောင် တည်ကြည်လျှင်၊ ခရစ်တော်နှင့် ဆက်ဆံသော သူဖြစ်ကြ၏ ။ ( ဟေဗြဲ ၃း၁၄)

## March 11 (မတ်လ ၁၁)

**ထို့ကြောင့်ဤမျှလောက်များစွာသော သက်သေအပေါင်းတို့သည် ငါတို့ကိုဝိုင်းရံလျက်ရှိကြသည်ဖြစ်၍ငါတို့သည်ခပ်သိမ်းသောဝန်တို့ကိုငင်း၊နှောက်ယှက်တတ်သော ဒုစရိုက်ကိုငင်း၊ပယ်ရှား၍ငါတို့မျက်မှောက်၍ထားသော ပန်းတုံးတိုင်သို့ရောက်ခြင်းငှါ၊အားမလျော့ဘဲပြေးကြကုန်အံ့။(ဟေဗြဲ ၁၂း၁)**

သင်၏အထက်အရပ်မှ ခေါ်တော်မူခြင်းနှင့်ဆိုင်သော ဆုကိုကောင်းစွာနားလည်သဘောပေါက်လျှင် ထိုအမှတ်လက္ခဏာဆီသို့သွားသော လိုင်းတလျှောက်လှုပ်ရှားရန်ကြိုးပမ်းအားထုတ်လျက်ရှိသောသင်သည် သင်၏စိတ်နှလုံးခါးပန်းကို စည်းပါ၊သင်၏ရည်ရွယ်ချက်များနှင့် အားထုတ်မှုများကို သန့်စွမ်းစေလျက်ခိုင်မာစေပါ။ သင်၏ဆုံးဖြတ်ချက်များကို အသစ်ပြန်လည်ပြုပြင်ပါ။သင်၏ဇွဲလုံ့လကို နှစ်ဆပြုပါ။ မလိုလားအပ်သောလောကီဆိုင်ရာ ဂရုပြုမှုခြင်းများနှင့်စပ်ဆိုင်သော ဝန်များကို ပယ်ရှား၍သင်၏စိတ်အားထက်သန်မှုကို တိုးပွားစေပါ။ ထို့အပြင် တမန်တော်မှတိုက်တွန်းနှိုးဆော်ထားသည့်အတိုင်း သင်၏မျက်မှောက်၌ထားသောပြေးပွဲကို သည်းခံခြင်းနှင့်အတူ (ကြံ့ကြံ့ခံ)ပြေးပါ။အာကာသကောင်းကင်ကိုသာ ထိုးနေသောသူကဲ့သို့မဟုတ်ဘဲ ခေါ်တော်မူခြင်းနှင့် ရွေးချယ်တော်မူခြင်းကို သေချာအောင်ပြုလုပ်ရန် ပြင်းထန်သော စိတ်အားထက်သန်ခြင်း၌ ခိုင်မာစွာဆုံးဖြတ်ချက်ချထားပြီးသူ၊ ရှုပါရုံ၌ ရည်ရွယ်ချက်တခုရှိသောသူကဲ့သို့ပြေးပါ။

## March 12 (မတ်လ ၁၂)

**ထိုသို့ပညတ်ထားခြင်း၏အချုပ်အခြာမူကား၊စင်ကြယ်သောစိတ်နှလုံးနှင့်ငင်း၊ကိုယ်ကိုကိုယ်သိသောစိတ်ကြည်လင်ခြင်းနှင့်ငင်း၊ မှန်သောယုံကြည်ခြင်းနှင့်ငင်း၊စပ်ဆိုင်သောချစ်ခြင်းမေတ္တာဖြစ်သတည်း။ (၁တိ ၁း၅)**

ကျွန်ုပ်တို့ထံသို့ ပေးခဲ့တော်မူသော ဘုရားသခင်၏ဂတိတော်များအားလုံးတို့၏ နောက်ဆုံးရည်ရွယ်ချက်နှင့် ကျွန်ုပ်တို့နှင့်အတူ၊ ကျွန်ုပ်တို့အားဘုရားသခင်၏ ထိတွေ့ဆက်ဆံမှုအားလုံးတို့၏ နောက်ဆုံးရည်ရွယ်ချက်မှာ ဘုရားသခင်နှင့်တူညီခြင်းဖြစ်သော ချစ်ခြင်းမေတ္တာအား ဖွံ့ဖြိုးတိုးတက်စေရန်ဖြစ်သည်ဟူသောအချက်ကို ကျွန်ုပ်တို့၏စိတ်နှလုံးများရှေ့၌ ရှင်းလင်းစွာရှိကြရမည် ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ဘုရားသခင်သည် ချစ်ခြင်းမေတ္တာဖြစ်တော်မူသောကြောင့် ဖြစ်ပါသည်။ ဘုရားသခင်အားဖြင့် ရည်ရွယ်ထားသော အတိုင်းအတာပမာဏနှင့် စပ်ဆိုင်သော သဘော၌ ကျွန်ုပ်တို့အထဲတွင် ဖွံ့ဖြိုးတိုးတက်လာသော ဤချစ်ခြင်းမေတ္တာကိုရရှိရန်အတွက် ဘုရားသခင်နှင့်အတူ ပြည့်ဝသောညီညွတ်ခြင်း၌ စင်ကြယ်သောနှလုံးသားတခုမှ ရောက်လာဖို့ရန်သည် မဖြစ်မနေလိုအပ်ပါသည်။ ချစ်ခြင်းမေတ္တာနှင့်စပ်ဆိုင်သော သခင်၏တရားသည် စာတန်နှင့်သူ၏ တကိုယ်ကောင်းဆန်ခြင်းနှင့် စပ်ဆိုင်သောတရားကိုအပြည့်အဝ ဆန့်ကျင်လိုပါသည်။

## March 13 (မတ်လ ၁၃)

**ထို့ကြောင့်စုံလင်သောသူရှိသမျှတို့သည် ဤသို့သောသဘောကို စွဲလမ်းရကြမည်။သင်တို့သည် တစုံတခုသောအရာ၌ သဘောခြားနားလျှင် ထိုအရာကိုပင်ဘုရားသခင်ဘော်ပြတော်မူလိမ့်မည် ညီအစ်ကိုတို့ငါကျင့်သည်နည်းတူ သင်တို့သည်တညီတညွတ်တည်းကျင့်ကြလော့။ ငါတို့ပေးသောပုံသက်သေနှင့်အညီ ကျင့်သောသူတို့ကိုလည်းရှုမှတ်ကြလော့။ (ဖိ ၃း၁၅-၁၇)**

ညီအစ်ကိုများအတွက် သူတို့၏အသက်တာများကိုချထားခြင်း၊ဘုရားသခင်၏ အမှုတော်၌ အပ်နှံထားသောအရာကို သူတို့သည်တက်ကြွစွာစောင့်ရှောက်ကြမည်ဟူသောအရာမှာ စုံလင်သော ချစ်ခြင်းမေတ္တာ၏အမှတ်လက္ခဏာသို့ ရောက်ရှိလာကြသောသူတို့အတွက် လုံးဝမဖြစ်မနေလိုအပ်သော အရာဖြစ်ပါသည်။ဤကဲ့သို့သောသူတို့သည် ဘုရားသခင်နှင့် ဖြောင့်မတ်ခြင်း၏ နိယာမတရားများ၏ ကိုယ်စားလှယ်များအဖြစ်သာမက သူ၏နှုတ်ကပတ်တော်၏ တန်ခိုး၌၎င်း၊သူ၏တတ်စွမ်းနိုင်မှုတန်ခိုး၌၎င်း သခင်ဘုရား၌ သန်စွမ်းသောသူတို့၏ ကိုယ်စားလှယ်များအဖြစ်လဲ ရပ်တည်ကြရမည်ဖြစ်ပါသည်။ပြေးလမ်း ကြောင်း၌ အခြားပြေးနေသောသူတို့အား အားပေးခြင်း၌ ကျွမ်းကျင်လျက်၊ အလိုဆန္ဒရှိကာ၊အဆင်သင့် ဖြစ်ကြရမည်။ ထိုနည်းတူသူတို့သည်လည်း အမှတ်လက္ခဏာအား အောင်မြင်စွာ ရရှိကောင်းရရှိနိုင် မည်ဖြစ်ပါသည်။

## March 14 (မတ်လ ၁၄)

**စိတ်ရှည်သောသူသည် ခွန်အားကြီးသောသူထက်၎င်း၊မိမိစိတ်ကိုချုပ်တည်းသောသူသည် မြို့ကို တိုက်ယူသောသူထက်၎င်း၊သာ၍ကောင်း၏။ (သု ၁၆း၃၂)**

အလွန်မုန်းတီးသော သဘောသဘာဝ၌ အမျက်ဒေါသထွက်ခြင်း၊ ရန်ငြိုးထားခြင်း၊ခိုက်ရန်ဖြစ်ပွား ခြင်း၊မနာလိုခြင်းများကို ဘုရားသခင်၏ချစ်လှစွာသော သားတော်၏ ပုံသဏ္ဍာန်နှင့်တူညီရန် ရှာဖွေလျက် ရှိကြသော သူအားလုံးတို့အနေဖြင့် အဝေးသို့ဖယ်ရှားသင့်လျက်ရှိနေစဉ်၊ တဖက်တွင်လည်းအမျိုးမျိုးသော ပုံစံများ၌အပြစ်၊ မှားယွင်းစွာ လုပ်ဆောင်ခြင်းကိုဆန့်ကျင်သည့် ဖြောင့်မတ်သော ခံပြင်းဒေါသထွက်ခြင်း သဘော၌ အမျက်ဒေါသသည် သင့်လျော်သောအရာဖြစ်ပါသည်။ ချစ်ခြင်းမေတ္တာအားဖြင့် ထောက်ခံ ထားလျက်ကြီးစွာသော အလွန်အကျွံမဟုတ်သော အတော်အသင့်နှင့်အတူ၊ ၎င်းအားအသုံးပြုသင့်သော် လည်းဖြောင့်မတ်သောဒေါသမရှိ ရန်အသုံးမပြုရန်အတွက်မှားယွင်းခြင်းရှိလိမ့်မည်ဖြစ်သော အခြေအနေ များလည်း ရှိကြပါသည်။

## March 15 (မတ်လ ၁၅)

**ဖြောင့်မတ်သောသူသည် ယုံကြည်ခြင်းအားဖြင့် အသက်ရှင်လိမ့်မည်။ (ဟေဗြဲ ၁၀း၃၈)**

ယုံကြည်ခြင်းအားဖြင့် သေခြင်းမှအသက်ရှင်ခြင်းသို့ကူးပြောင်းခဲ့ပြီး အသက်နှင့်စပ်ဆိုင်သော ပထမလုပ်ဆောင်ခြင်း(လှုံဆော်ခြင်း)ကို ကျွန်ုပ်တို့သည်လက်ခံရရှိခဲ့သည်နှင့် မလုံလောက်ပါ။ဤနည်းလမ်းအားဖြင့် ကျွန်ုပ်တို့သည် ဝိညာဉ်ပိုင်းဆိုင်ရာ အစားအစာကို လက်ခံရရှိလျက် စားသုံးကြရမည်ဖြစ်ပါသည်။ ဤကဲ့သို့အားဖြင့် ကျွန်ုပ်တို့သည် ကြီးထွားတိုးတက်နိုင်မည်ဖြစ်ပါသည်။ သမ္မာတရားနှင့်စပ်ဆိုင်သော နုတ်ကပတ်တော်အားဖြင့် သန့်ရှင်းသော ဝိညာဉ်တော်၏ ဦးဆောင်ခြင်း နောက်သို့လိုက်လျက် ကျွန်ုပ်တို့သည် ယုံကြည်ခြင်းအားဖြင့် လျှောက်လှမ်းကြရမည် ဖြစ်ပါသည်။

ယုံကြည်ခြင်း၏ ဘဝအသက်တာသည် တစ်ဦးချင်းစီနှင့်ဆိုင်သော အရာဖြစ်သလို နှလုံးသားနှင့် စိတ်နှင့်လည်း သက်ဆိုင်သောအရာလဲဖြစ်ပါသည်။ သမ္မာကျမ်းစာဆိုင်ရာနှင့် စစ်မှန်သော အရာဖြစ်သည်ဟု ကျွန်ုပ်တို့စဉ်းစားတွေးတောခဲ့သော ဩဝါဒများကို လက်ခံခြင်းတခုထက် ပိုမိုသာလွန်ပါသည်။ သမ္မာတရားဖြစ်သည်ဟု ကျွန်ုပ်တို့သည် မှန်ကန်ကြောင်း သက်သေပြခဲ့သော အရာနှင့်ပတ်သက်၍ ကြေညက်စွာ လေ့ကျက်ခြင်းဖြစ်ပါသည်။ ဤသို့အားဖြင့် ၎င်း၏နိယာမတရားများသည် ကျွန်ုပ်တို့၏ အခြေခံနိယာမတရားများ ဖြစ်လာပြီး၊ ၎င်း၏ ဂတိတော်များသည် ကျွန်ုပ်တို့၏ အခြေအနေများ ဖြစ်လာပါသည်။

## March 16 (မတ်လ ၁၆)

**ငါတို့သည်အစ်ကိုချင်းတို့ကိုချစ်သောကြောင့် သေခြင်းမှအသက်ရှင်ခြင်းသို့ ကိုယ်ကူးပြောင်းသည်ကို ကိုယ်သိရကြ၏။မိမိညီအစ်ကိုကို မချစ်သောသူသည် သေခြင်း၌တည်း၏။ခရစ်တော်သည်ငါတို့အဘို့ အလိုငှါအသက်တော်ကို စွန့်တော်မူသည်အရာကို ငါတို့သည်ထောက်၍မေတ္တာတော်ကိုသိရကြပြီ၊ ငါတို့သည်လည်း ညီအစ်ကိုချင်းတို့ အဘို့အလိုငှါအသက်ကိုစွန့်ရကြ၏။ (၁ယော ၃း၁၄၊၁၆)**

တချိန်က နီးလျက်လက်နက်စုံဝတ်ဆင်ခဲ့ကြသော သူတို့မှ များစွာသောသူတို့သည်လဲပြိုနိုင်သော အခြေအနေတခုအောက်၌ ညီအစ်ကိုများအား အလွန်ရှာဖွေစီစစ်နေသော စစ်ဆေးခြင်းများထဲမှ နောက်ဆုံးတခုမှာ ညီအစ်ကိုချင်းတို့ကို ချစ်ခြင်းမေတ္တာဖြင့်လိမ့်မည် ဖြစ်ပါသည်။များစွာသောသူတို့သည် ဤအချက်၌ ကျဆင်းကြမည်ဖြစ်ပြီး ထို့အကြောင်းကြောင့် နိုင်ငံတော်ထဲသို့ ကြွယ်ဝစွာ ဝင်ရောက်ခြင်းအတွက် မထိုက်တန်သောသူအဖြစ် ရေတွက်ခြင်းခံရလိမ့်မည်ဟု ထင်မြင်ရဟန်ရှိပါသည်။

အထူးသဖြင့် အားနည်းပြီး ခြေလျော်လုမတက်ဖြစ်ရန်အလားအလာ ရှိသောမည်သူမဆိုရှိနိုင်ပါသည်။ ကျွန်ုပ်တို့၏ ညီအစ်ကိုအကြီးဆုံး၊ကပ္ပတိန်သည် ပြုလုပ်လိမ့်မည်မဟုတ်သကဲ့သို့ပင် ကားတိုင်၏ စစ်မှန်သော စစ်သူရဲသည်သူ့အားအထင်မသေးပါ သူ့အားကဲ့ရဲ့ရှုတ်ချခြင်းမရှိပါ။ အမှန်တော့သူသည် ပို၍သန်စွမ်းသော အပေါင်းအသင်းများ၌ သူ့ကိုယ်တိုင် အလွန်ပျော်ရွှင်ကြည်နူးသော်လည်း သူသည် အားနည်းသူအားပို၍ စောင့်ကြည့်လျက် ကူညီသောသူဖြစ်လိမ့်မည် ဖြစ်ပါသည်။

## March 17 (မတ်လ ၁၇)

**ထို့ကြောင့်အခွက်တဆယ်ကို ထိုသူ၏လက်မှနုတ်ကြ၊အခွက်တရာရှိသောသူကို ပေးကြ၊အကြောင်း မူကားအကြင်သူသည် ရတတ်၏၊ထိုသူ၌ ကြွယ်ဝပြည့်စုံစေခြင်းငှါပေးဦးမည်။အကြင်သူသည် ဆင်းရဲ၏။ ထိုသူ၌ရှိသမျှကိုပင် နုတ်လိမ့်မည်။ (မ ၂၅း၂၈-၂၉)**

ဤငွေအခွက်များကို မြုပ်နှံခြင်း(သို့)ဝှက်ထားခြင်းအားရုပ်ပုံအားဖြင့် ဖေါ်ပြခြင်းတခုအဖြစ် ငွေအခွက်တဆယ်ရှိသောသူကို အဘယ့်ကြောင့်ရွေးချယ်ရပါသနည်း? အနည်းဆုံးရှိသောသူတို့၏တာဝန် ဝတ္တရားကိုဖေါ်ပြရန်ဖြစ်ပါသည်။ သူ၏ပိုင်ဆိုင်ခြင်း၌သူ့မှာရှိသော စွမ်းရည်များကို သိလျက်အသုံးပြု ရန်ဆက်ကပ်အပ်နှံထားသော သူတို့ထံမှ အသေးငယ်ဆုံးကိုပင်လျှင် သလခင်ဘုရားသည် မျှော်လင့်ပါ သည်။သူ၏သမ္မာတရား၊ သူ၏ညီအစ်ကိုများနှင့် သူ့အားအစေခံရန် အသေးငယ်ဆုံးသော အရည်အချင်း ရှိပြီး အသုံးပြုရန် လစ်လျူရှုသော သူတို့ကိုပင်လျှင် သူသည်အပြစ်ကင်းစင်ခြင်းကို ဆုပ်ကိုင်ထားလိမ့်မည် မဟုတ်ပါ။

## March 18 (မတ်လ ၁၈)

**သို့ဖြစ်၍ သင်တို့စိတ်နှလုံးကို ခါးပန်းစည်း၍ သမ္မာသတိရှိကြလော။ယေရှုခရစ်ပေါ်ထွန်းတော် မူသောအခါ သင်တို့ဆီသို့ရောက်လတ္တံ့သောဆုကျေးဇူးကိုအဆုံးတိုင်အောင်မျှော်လင့်ကြလော့။**

**(၁ပေ ၁း၁၃)**

ခိုင်ခံမြဲမြံပြီး စိတ်ဆုံးဖြတ်ထားသောအားထုတ်မှုအတွက် ကာလတခုကြာ သင်တို့၏စိတ်နှလုံးကို ခါးပန်းစည်းပြီးနောက် သမ္မာသတိရှိကြပါ။သင်တို့အားလုံး၏ ဝိညာဉ်ပိုင်းဆိုင်ရာ စိတ်ပါဝင်သားခြင်းများ ကို အချိန်တိုကလေး၌ ကုန်ခန်းစေရန်နှင့်ပြီးနောက်အေးစက်ခြင်း(သို့)စိတ်ပျက်ခြင်းထဲသို့ ပြန်လည်ဆုတ် ယုတ်ခြင်းကို ကြုံတွေ့ခံစားရန်အတွက် စိတ်လှုပ်ရှားခြင်း၏ နှိုးဆော်မှုအောက်၌ သင့်ကိုယ်ကိုအားစိတ် လှုပ်ရှားသောသူဖြစ်လာရန် ခွင့်မပြုပါနှင့်။ သို့သော်သေချာဂရုစိုက်စွာဖြင့် အချိန်ကာလတခုကြာတွေး တောစဉ်းစားပြီး ပြင်ဆင်လျက်၊ အောင်မြင်သောသူအား ဂတိထားတော်မူသော မင်္ဂလာရှိသည့် ဆုလဒ် နှင့်ထိုက်တန်ပြီး ပြင်ဆင်သော သူတဦးအဖြစ် သက်သေပြရန် မဖြစ်မနေလိုအပ်သော သီးခံခြင်းနှင့် ယုံကြည် ခြင်းအားစစ်ကြောခြင်းနှင့် စည်းမျဉ်းဥပဒေများ အားလုံးတို့အား ကြကြံခံ သီးခံခြင်းရှိပါ။ ကျွန်ုပ်တို့၏ ရှေ့၌ရှိသော ပြေးပွဲသည် ကာလတခုအတွင်းသာ (ဆက်တိုက်မဟုတ်ဘဲ) ပြေးမည့်သူအတွက် မဟုတ်ပါ။ ကောင်းစွာ လုပ်ဆောင်ခြင်း၌ ကြံကြံခံသည်းခံခြင်းအားဖြင့် ပြေးသောသူတို့အတွက်သာ ဖြစ်ပါသည်။

## March 19 (မတ်လ ၁၉)

**အထက်ကသင်တို့သည်မှောင်မိုက်ထဲမှာကျင့်သောတပ်မက်ခြင်းတရားကို ယခုမလိုက်မကျင့်ဘဲ နားထောင်တတ်သောသူငယ်ကဲ့သို့ဖြစ်၍သင်တို့ကိုခေါ်တော်မူသောသူသည် သန့်ရှင်းတော်မူသည်နည်းတူ၊ကျင့်ကြံပြုမူသမျှတို့၌ သန့်ရှင်းခြင်းရှိကြလော့။ (၁ပေ ၁း ၁၄-၁၅)**

သူ၏သားသမီးတို့သည် သူ၏လက်တော်၌ပြုသမျှခံရမည့်သူများသာဖြစ်ကြပြီး ဘုရားသခင်သည် အားလုံးကို ပုံသွင်းလျက်ရှိသည်ဟူသော မှားယွင်းသောအတွေးအခေါ်သည် အချို့ခရစ်ယာန်တို့တွင်ရှိကြပါသည်။သို့သော်ပေတရုသည် ထိုကဲ့သို့မဖော်ပြပါ။ ဘုရားသခင်၏ညွှန်ကြားချက်များနှင့်အညီ ကျွန်ုပ်တို့ကိုယ်တိုင်အား ပုံသွင်းရန် သူသည်ကျွန်ုပ်တို့အား တိုက်တွန်းထားပါသည်။ကျွန်ုပ်တို့အထဲ၌ဝင်း၊ကျွန်ုပ်တို့နှင့်ပတ်သက်၍ဝင်း လုပ်ဆောင်ရမည့်အလုပ်ရှိပါသည်။သူတို့၏ ကိုယ်စားနိမိတ်လက္ခဏာများကိုလုပ်ဆောင်ရန် ဘုရားသခင်ထံ မတုန်မလှုပ်ထိုင်လျက်စောင်ဆိုင်းနေသောသူ၊ တစုံတရာ လုပ်ဆောင်ခြင်းမရှိသော သူတို့မှာ ကြီးစွာလှည့်ဖြားခြင်းခံရသောသူများဖြစ်ပြီး အကယ်၍သူတို့သည် ကြောက်ရွံ့တုန်လှုပ်သော သဘောနှင့်အတူ သူတို့၏ကယ်တင်ခြင်းအား ကြိုးစားအားထုတ်ရန် သူတို့ကိုယ်တိုင်အား သူတို့သည် မနိုးဆော်ဘူးဆိုလျှင် သူတို့၏လက်နှင့်ခြေကို ချည်နှောင်၍ သူတို့အား အပြင်အရပ် မှောင်မိုက်ထဲသို့ ချရန်သူသည် (စာတန်)ဧကန်မလွဲအသုံးပြုလိမ့်မည် ဖြစ်ကာ သူတို့အပေါ်မှာ ကြီးစွာသော အသာစီး လွှမ်းမိုးမှုကို ရန်သူအား ပေးနေခြင်းဖြစ်ပါသည်။

## March 20 (မတ်လ ၂၀)

**ထိုအခါယေရှုက၊ သင်တို့သည် ငါ၏ဒေသနာ၌ တည်လျှင်ငါ့တပည့်အမှန်ဖြစ်ကြ၏။သမ္မာတရားကိုလည်းသိကြသဖြင့် ထိုတရားသည် သင်တို့ကိုလွှတ်လိမ့်မည်ဟု ယုံကြည်သော ယုဒလူတို့အား မိန့်တော်မူ၏။ (ယော ၈း၃၁-၃၂)**

ဘုရားသခင်ခွဲခန့်မှတ်သားထားသော စီဆင်းရာလမ်းကြောင်းများမှအပ ဘုရားသခင်နှင့်သက်ဆိုင်သောသမ္မာတရားကိုဘယ်တော့မှ မတွေ့ရှိနိုင်ပါ။ ထိုစီးဆင်းရာလမ်းကြောင်းများမှာ သခင်ဘုရားနှင့်တမန်တော်များ၊ပရောဖက်များတို့ဖြစ်ကြပါသည်။သူတို့၏နိုးဆော်ရေးသားထားသော စာစောင်များ၌ဖော်ပြထားသောဩဝါဒများ၌ ဆက်လက်ရှိနေဖို့ရန်အတွက် ၎င်းတို့အား အသေအချာစောင့်ကြည့်လျက်ဆင်ခြင်ခြင်း၊သူတို့၌အကြွင်းမဲ့ခိုလှုံကိုးစားခြင်းနှင့် ကျွန်ုပ်တို့၏စရိုက်လက္ခဏာများကို သူတို့နှင့်သစ္စာရှိစွာလိုက်လျောညီထွေစေခြင်းသည် သခင်ဘုရား၏နှုတ်ကပတ်တော်၌ ဆက်လက်ရှိနေခြင်းကို ရည်ညွှန်းသည့်အရာဖြစ်ပါသည်။ ဤကဲ့သို့ကျွန်ုပ်တို့သည် စိတ်အားထက်သန်ပြီး ရိုးသားသောတပည့်တော်များအဖြစ်သခင်ဘုရား၏နှုတ်ကပတ်တော်၌ဆက်လက်ရှိနေမည်ဆိုလျှင် ကျွန်ုပ်တို့သည် ယုံကြည်ခြင်း၌ခိုင်ခံမြဲမြံမှုရှိလိမ့်မည်ဖြစ်ပြီး ကျွန်ုပ်တို့၏လမ်းကြောင်းအဆုံးထိတိုင်ပင်လျှင် ခရစ်တော်၏ကောင်းသောစစ်သူရဲများအဖြစ်ခက်ခဲခြင်းကိုကြံ့ကြံ့ခံသီးခံရန်၊ ကောင်းသောတိုက်လှန်ခြင်းကိုပြုရန်၊ သန့်ရှင်းသူတို့ထံအထက်ကအပ်ပေးခဲ့သောယုံကြည်ခြင်းတရားဘက်မှ စိတ်အားထက်သန်စွာ ကြိုးစား၍တိုက်လှန်ရန်၊ကျွန်ုပ်တို့အထဲ၌ရှိသောမျှော်လင့်ခြင်းအတွက် အကြောင်းရင်း(အကျိုးအကြောင်း)တခုကိုပေးနိုင်လိမ့်မည်ဖြစ်ပါသည်။

## March 21 (မတ်လ ၂၁)

**သင်တို့၏ရန်သူတို့ကိုချစ်ကြလော့၊သင်တို့ကိုကျိန်ဆဲသောသူတို့အားမေတ္တာပို့ကြလော့၊သင်တို့ကို မုန်းသောသူတို့အားကျေးဇူးပြုကြလော့၊သင်တို့ကိုနှောက်ယှက်ညှင်းဆဲသောသူတို့အဘို့၊ဘုရား သခင်ကိုဆုတောင်းကြလော့။ (မ ၅း၄၄)**

ဤကဲ့သို့သောသူတို့ဆီသို့ သင်၏စစ်မှန်သောသဘောထားကိုစစ်ဆေးရန်ဤအရာမှာနည်းလမ်း တခုဖြစ်ပါသည်။သူတို့၏လမ်းအမှားကိုမြင်လျက်ၚင်းမှအောင်မြင်ဖို့ရန် သင်၏တတ်စွမ်းနိုင်ခြင်း၏ပမာဏ အထိသူတို့အား ကူညီလျက်သူတို့အားကြင်နာခြင်းကို ဝမ်းမြောက်စွာပြုလုပ်လိုပါသလား။မွန်မြတ်သော ပုံသက်သေတခုအားဖြင့် အလွန်သာလွန်သော နည်းလမ်းတခုကို သူတို့အားပြသရန်နှင့် သူတို့၏လစ်လျူ ရှုခြင်းနှင့် တိုးတက်ဖွံ့ဖြိုးမှုမရှိခြင်း၊ သူတို့၏အားနည်းချက်များနှင့်အတူ စိတ်ရှည်သီးခံစွာ သယ်ဆောင် လျက် သူတို့အတွက် ကြင်နာစွာဆုတောင်းပေးနိုင်ပါသလား။ ဤကဲ့သို့သော အခြေအနေဖြစ်သည်ဆို လျှင် သင်ရွံရှာသောအရာသည် အပြစ်ဖြစ်ပြီး အပြစ်သားကိုမဟုတ်ပါ။ သင်ရွံမုန်းသင့်သော အရာမှာ အပြစ်ဖြစ်ပြီး ဘယ်တော့မှ အပြစ်သားကိုမဟုတ်ပါ။ လူသားညီအစ်ကိုအပေါ်မှာ ၚင်းအားဆုပ်ကိုင် ခွင့်ပြုလျက် အပြစ်နှင့်အပြစ်သားတို့မှာ ခွဲခြား၍မရဘဲ ဆက်စပ်လျက်ရှိသည်ဟု ဘုရားသခင်၏မှားယွင်း ခြင်းမရှိသော တရားစီရင်ခြင်းမှ ကြော်ငြာသည့် အချိန်အတိုင်မီအထိ လူသားညီအစ်ကိုအပေါ်တွင် ၚင်းအား ဆုပ်ကိုင်လျက်ချစ်နိုင်ပါသည်။

## March 22 (မတ်လ ၂၂)

**ငါတို့သည်ကိုယ်ကိုကိုယ်စစ်ကြောစီရင်လျှင်၊စစ်ကြောစီရင်တော်မူခြင်းနှင့်ကင်းလွတ်ကြလိမ့်မည် စစ်ကြောစီရင်တော်မူခြင်းကို ခံရကြသောအခါ၊ လောကီသားတို့နှင့်အတူ အပြစ်စီရင်ခြင်းနှင့် ကင်းလွတ်မည်အကြောင်းဆုံးမတော်မူခြင်းကို ခံရကြ၏။ (၁ကော ၁၁း၃၁-၃၂)**

လောက၊ဇာတိနှင့်မာနတ်နှင့်အတူ အဆက်မပြတ်ဖြစ်သော တိုက်ပွဲ၌ ကျွန်ုပ်တို့ထံသို့ ဤအရာ တို့သည် ဘယ်လို၊ဘယ်အချိန်နှင့် ဘယ်နေရာမှရောက်လာခဲ့ကြလျက် အသစ်သောသတ္တဝါများအဖြစ် ရရှိခြင်းနှင့်ဆုံးရှုံးခြင်းတို့အား သေသေချာချာစစ်ဆေးခြင်းကို ဘုရားသခင်အား ကျေနပ်အားရစေခြင်း အတွက် တခုတည်းသောသဘောထားတခုနှင့်အတူ ဆုံးဖြတ်ခြင်းများကိုပြုလုပ်သော သူအားလုံးမှာ အမှန်တကယ် အကျိုးရှိလိမ့်မည်ဖြစ်ပါသည်။ ဝိညာဉ်ပိုင်းဆိုင်ရာ ဣသရေလလူမျိုးတို့သည် အမြင့်ဆုံး သောယဇ်ပရောဟိတ်နှင့် နီးနိုင်သမျှအနီးကပ်ဆုံးဘဝ အသက်တာကို အချိန်တိုင်းနေ့စဉ်အသက်ရှင်ကြရ မည်ဖြစ်ပါသည်။ ချစ်လှစွာသော ရွေးနုတ်သူ၏ အသွေးတော်သည် ဩတ္တပ္ပစိတ်မှ အသေးငယ်ဆုံးသော ညစ်ညမ်းမှုများကို စင်ကြယ်ခြင်းအတွက် အဆက်မပြတ်တောင်းဆိုဖို့ရန် ဖြစ်ပါသည်။ ဤသို့အားဖြင့် ဖြောင့်မတ်ခြင်းနှင့်စပ်ဆိုင်သော ကျွန်ုပ်တို့၏မင်္ဂလာဆောင်ဝတ်ရုံအား ညစ်ညမ်းစေလာနိုင်မည်မဟုတ်ပါ။ အသေးငယ်ဆုံးသောအစက်အပြောက်များကို ဖယ်ရှားခြင်းခံရပြီး အစက်အပြောက်(သို့)တွန့်လိမ်ခြင်း (သို့)အပြစ်အနာတစုံတခုမျှမရှိသော ဝတ်ရုံကိုကျွန်ုပ်တို့တွင် ရှိနိုင်မည်ဖြစ်ပါသည်။

## March 23 (မတ်လ ၂၃)

**သင်တို့သည်အလင်သို့ရောက်ပြီးသည်နောက်၊လူများရှေ့မှာကဲ့ရဲ့ညှင်းဆဲခြင်းကိုခံရသဖြင့်၎င်း၊ထိုသို့ခံရသောသူတို့နှင့် ဆက်ဆံသောအပေါင်းအဘော်ဖြစ်သဖြင့်၎င်း၊ ကြီးစွာသောဆင်းရဲဒုက္ခဝေဒနာများကို ဆိုင်ပြိုင်တိုက်လှန်ခြင်းနှင့်တွေ့ကြုံသောအထက်ကာလအချိန်ကို အောက်မေ့ကြလော့။ (ဟေဗြဲ ၁၀း၃၁-၃၂)**

ညီအစ်ကိုများထဲမှ အသန်စွမ်းဆုံးသောသူသည် အခြားသူတို့ထံမှ ကူညီခြင်း၊အားပေးခြင်းအကူအညီလိုအပ်ပါသည်။ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ကိုယ့်အစွမ်းသတ္တိကိုသာ လုံးလုံးလျားလျားမခိုလှုံမကိုးစားနိုင်စေဖို့ရန် ဤအရာကိုဘုရားသခင်သည် စီမံခဲ့ပါသည်။ဘုရားသခင်ထံမှာ ကျွန်ုပ်တို့၏ သင့်လျော်သောလေ့လာခြင်းပင်လျှင် စပျစ်ဥယျာဉ်၌ လုပ်ဆောင်လျက်ရှိသော အပေါင်းအဘော်များတို့၏အတူတကွ ပူးပေါင်းလုပ်ဆောင်ခြင်း၊ အားပေးခြင်း၊ စာနာနားလည်ခြင်းနှင့် ချစ်ခြင်းမေတ္တာလဲလိုအပ်ရန်ထင်မြင်ရဟန်ရှိပါသည်။ ဧဝံဂေလိတရားကိုအစေခံခြင်း၌ နေ၏အပူနှင့်ကြိုးစားအားထုတ်ခြင်းနှင့်စပ်ဆိုင်သောမည်သည့်အတိုင်းအတာပမာဏ၌မဆို သယ်ပိုးသောသူတို့အား ဤအတွေးနှင့်အတူ ကိုယ်ချင်းမစာနာနိုင်ဘူးလား အစေခံခြင်းအတွက် အခွင့်အလန်းများ (သို့)ဆုကျေးဇူးနှင့်စပ်ဆိုင်သောအကြီးမားဆုံးသောပမာဏ သူတို့ကိုယ်တိုင်၌မရှိကြသော သခင်၏ချစ်လှစွာသော လူတို့ထဲမှ များစွာသောသူတို့သည် ဧဝံဂေလိအလုပ်၌ အတူတကွပူးပေါင်းလုပ်ဆောင်သူများနှင့် ကူညီသောသူများဖြစ်နိုင်ကြသည့်နည်းလမ်းတခုဖြစ်ပါသည်။

## March 24 (မတ်လ ၂၄)

**ငါသည်သင့်ကိုမစွန့်၊သင့်ကိုအလျင်းပစ်၍မထားဟု ကတိတော်ရှိ၏။ (ဟေဗြဲ ၁၃း၅)**

စာတန်(သို့)အခြားဆိုးညစ်သည့်မည်သည့်တန်ခိုးမဆိုသည် ဆန့်ကျင်လျက်အောင်မြင်ရန် သကဲ့သို့ရှိနိုင်သော်လည်း သခင်ဘုရား၏အလုပ်နှင့်ပတ်သက်၍ စိတ်မချမ်းမသာဖြစ်ပြီး လူသည်ကျွန်ုပ်တို့အားလုပ်နိုင်သည့်အရာကို ကျွန်ုပ်တို့သည် အဘယ့်ကြောင့်ကြောက်ရွံ့ကြရမည်နည်း? သို့သော်လည်းကျွန်ုပ်တို့အတွက် ကျွန်ုပ်တို့၏ အလေးထားကိုးကွယ်ဆည်းကပ်မှုကို ပြသရန်ဖြစ်ပါသည်။ကျွန်ုပ်တို့၏စိတ်အားထက်သန်မှုကိုသာမက ကျွန်ုပ်တို့၏ဆင်ခြင်စဉ်းစားဉာဏ်ရှိခြင်းကိုလဲပြသရန်ဖြစ်ပါသည်။ထို့ကြောင့်တာဝန်တခုလုံးသည် ကျွန်ုပ်တို့အပေါ်တွင်ရှိသကဲ့သို့ရှိသော်လည်း ဝန်တခုလုံးနှင့် တာဝန်ဝတ္တရားသည်ဘုရားသခင်၏ တာဝန်ဖြစ်သည်ဟု ကျွန်ုပ်တို့၏ နှလုံးသားများထဲ၌ သိမှတ်နားလည်ထားကြရမည်ဖြစ်ပါသည်။

ကျွန်ုပ်၏အလုပ်ပြီးစီးသည့်အထိ ကျွန်ုပ်သည်ထာဝရရှင်သန်သောသူ(သို့)မသေနိုင်သောသူ (immortal) ဖြစ်သည်ဟုတစ်စုံတဦးသည်ယခင်အချိန်ကာလက ပြောဆိုခဲ့ပါသည်။ဤရာသည် သခင်ဘုရား၏ အမှုတော်၌အပ်နှံထားသော သူအားလုံးတို့အတွက် လက်တွေ့နီးပါးမှန်ကန်သောအရာဖြစ်ပြီး ကျွန်ုပ်တို့သည်၎င်းအပေါ်တွင် မှီခိုအားထားနိုင်ပါသည်။ ထာဝရဘုရားရှေ့တော်၌ မိမိသန့်ရှင်းသူတို့၏သေခြင်းအရာသည် အဘိုးကြီးလှ၏။

## March 25 (မတ်လ ၂၅)

**သို့ဖြစ်၍ချစ်သူတို့သို့မတရားသောသူတို့၏ပရိယာယ်အားဖြင့်၊သင်တို့သည်လည်းသွေးဆောင်ရာသို့လိုက်၍ သင်တို့တည်ကြည်ခြင်းမှ မရွေ့လျော့မည်အကြောင်း၊ ဤအရာများကိုသိနှင့်ပြီဖြစ်၍ ကိုယ်ကိုကိုယ် စောင့်ရှောက်ကြလော့။ကျေးဇူးတော်၌၎င်း၊ ငါတို့ကိုကယ်တင်တော်မူသောအရှင်သခင်ယေရှုခရစ် ကိုသိကျွမ်းခြင်း၌၎င်း၊ ကြီးပွားကြလော့၊ ထိုသခင်သည်ယခုမှစ၍ ထာဝရနေ့ရက်ကာလပတ်လုံး ဘုန်းအသရေရှိတော်မူစေသတည်း။ (၂ ပေ ၃း၁၇ -၁၈)**

ဘုရားသခင်၏ဂတိတော်များကိုကျွန်ုပ်တို့သည် ဂရုပြုမှုသည့်အတိုင်းကျွန်ုပ်တို့သည်အသိပညာ၌ ကြီးထွားတိုးတက်ကြပါသည်။ ယုံကြည်ခြင်းအားဖြင့် သူတို့အားကျွန်ုပ်တို့ကိုယ်တိုင်အတွက် အသုံးချလျက် ဤကတိတော်များ၏ ပြီးမြောက်ပြည့်စုံခြင်းကို ကျွန်ုပ်တို့၏ဘဝအသက်တာများ၌ ကောင်းစွာသိမြင်ရန် ရှာဖွေပါ။ တချိန်တည်းမှာပင် ကျွန်ုတို့သည် ကျေးဇူးတော်၌ ကြီးထွားတိုးတက်ကြပါသည်။ အကယ်၍ အသိပညာနှင့်စပ်ဆိုင်သောအရာတခုစီတိုင်းအားကောင်းမွန်ပြီးရိုးသားသောနှလုံးသားထဲ၌လက်ခံရယူခဲ့ခြင်းမရှိ လျှင်ကျွန်ုပ်တို့သည်အသိပညာနှင့်စပ်ဆိုင်သော နောက်တဆင့်အတွက်ပြင်ဆင်ခြင်း ခံရလိမ့်မည်မဟုတ်ပါ။ ရပ်တန့်သွားလိမ့်မည်ဖြစ်သည် (သို့)နောက်ပြန်လှည့်ကောင်း လှည့်နိုင်မည်ဖြစ်ပါသည်။ အသိပညာ ဆုံးရှုံးခြင်းတခုသည် ကျေးဇူးတော်အားအတိုင်းအတာတခုအထိ ဆုံးရှုံးခြင်းကို ဆိုလိုလိမ့်မည်ဖြစ်သကဲ့သို့ ထိုနည်းတူကျေးဇူးတော်အား ဆုံးရှုံးခြင်းတခုသည်လည်း လိုက်လျောညီထွေစွာ အသိပညာအားဆုံးရှုံး ခြင်းတခုကို ဆိုလိုလိမ့်မည်ဖြစ်ပါသည်။ လောကီဆန်ခြင်းနှင့်အပြစ်၌ ကျွန်ုပ်တို့၏ကောင်းမြတ်ခြင်း(သို့) ကျေးဇူးတော်သည် ပို၍ပို၍ မှေးမှိန်လာပြီး ကောင်းစွာမမြင်နိုင်တော့ဘဲ မှောင်မိုက်ထဲ၌ သွားခြင်းကဲ့သို့ အသိပညာအား ဆုံးရှုံးစေလိမ့်မည်ကို ဆိုလိုခြင်းဖြစ်ပါသည်။

## March 26 (မတ်လ ၂၆)

**သင်တို့အပေါင်းသည်အလင်း၏သား၊နေ့၏သားဖြစ်ကြ၏။ညဉ့်၏သား၊မှောက်မိုက်၏သားမဟုတ်၊ သို့ဖြစ်၍အခြားသောသူတို့သည်အိပ်ပျော်သကဲ့သို့၊ငါတို့သည်အိပ်မပျော်ဘဲ သမ္မာသတိရှိ၍စောင့် ကြကုန်အံ့။ (၁ သက် ၅း၅-၆)**

ခရစ်တော်၏ကျောင်း၌တပည့်တဦး သခင်ဘုရား၏တပည့်တော်တဦးကဲ့သို့သောခရစ်ယာန်သည် နိုင်ငံတော်၏ဘုန်းသရေ၊ချီးမြောက်ခြင်းနှင့်ဘုရားပကတိ၌ဝေစုတခုအတွက်နှစ်(၁၀၀၀)နိုင်ငံတော်တွင် နေရာတနေရာအတွက် သင့်လျော်သောသူဖြစ်မည်ဖြစ်ပါသည်။အိပ်ပျော်သောသူများကဲ့သို့မဟုတ်ဘဲ၊ ပျင်းရိသောမကြိုးစားသောသူများကဲ့သို့မဟုတ်ဘဲ၊ ဤယခုဘဝအားစိုးရိမ်ခြင်းများနှင့်အတူ ပိုမိုဂရုမူကြ သောသူတို့ကဲ့သို့မဟုတ်ဘဲ သူတို့သည်သခင်ဘုရားအား အစေခံခြင်း စိတ်သဘော၌ စိတ်အားထက်သန် သူများကဲ့သို့ဖြစ်ရန် သခင်ဘုရား၏ လူတို့ကိုနိုးစေလိမ့်မည်ဖြစ်သော သမ္မာကျမ်းစာထဲမှ မကြာခဏဆုံးမ ခြင်းများအတွက် မဖြစ်မနေလိုအပ်ချက်ကို သမ္မာကျမ်းစာထဲ၌ ကျွန်ုပ်တို့တွေ့မြင်ကြရပါသည်။ သခင်ဘုရားထံသူတို့၏ အစေခံခြင်းသည် ပထမဦးစွာ သခင်ဘုရား၏အလိုတော်နှင့်အတူ နီးကပ်သော

ညီညွတ်ခြင်းထဲသို့ဝင်၍၊ ဖြစ်နိုင်သမျှအတိုင်း ဘုရားသခင်နှင့်ဆိုင်သော ဘဏ္ဍာန်နှင့်နီးကပ်သော တူညီခြင်းထဲသို့ဝင်၍၊ သူတို့ကိုယ်သူတို့အားဆောင်ယူကြရမည်ဖြစ်ပါသည်။ ဒုတိယအနေဖြင့် ဤလမ်းကျဥ်း၌ခေါ်တော်မူခြင်းခံရသောသူတို့အားသွန်သင်ချက်နည်းဥပဒေသနှင့်ဝင်းပုံသက်သေအားဖြင့်ဝင်း သူတို့သည် အခြားသူတို့အားစံတို့သည်ကူညီနိုင်ပါသည်။

## March 27 (မတ်လ ၂၇)

**သူတို့အဘို့အလိုငှာဆုတောင်းပါ၏။ . . ထိုသူတို့အဘို့ကိုသာ ကျွန်ုပ်ဆုတောင်းသည်မဟုတ်ပါ။ သူတို့ဟောပြောခြင်းအားဖြင့် ကျွန်ုပ်ကိုယုံကြည်သောသူတို့အဘို့ကိုလည်းဆုတောင်းပါ၏။ ကိုယ်တော်သည်အကျွန်ုပ်ကို စေလွှတ်တော်မူသည်ကို လောကီသားတို့သည် ယုံကြည်မည်အကြောင်း ထိုသူအပေါင်းတို့သည် တလုံးတဝတည်းဖြစ်လျက်၊အဘ၊ကိုယ်တော်သည်အကျွန်ုပ်၌ရှိတော်မူ၍ အကျွန်ုပ်သည်လည်း ကိုယ်တော်၌ရှိသကဲ့သို့၊ထိုသူအပေါင်းတို့သည် ငါတို့၌ တလုံးတဝတည်းဖြစ်စေခြင်းငှာ ဆုတောင်းပါ၏။ . . ကိုယ်တော်သည်အကျွန်ုပ်ကိုစေလွှတ်တော်မူကြောင်းနှင့် အကျွန်ုပ်ကိုချစ်တော်မူသကဲ့သို့ သူတို့ကိုလည်း ချစ်တော်မူကြောင်းကို လောကီသားတို့သည် သိစေခြင်းငှာဝင်း၊ကိုယ်တော်သည် အကျွန်ုပ်အားပေးတော်မူသော ဘုန်းအသရေကို အကျွန်ုပ်သည်သူတို့အားပေးပါပြီ။ (ယော ၁၇း၉ ၊ ၂၀-၂၃)**

ဤအရာသည်မည်ကဲ့သို့ဖြစ်နိုင်မည်နည်း အလွန်အံ့အားသင့်ခြင်း၌ကျွန်ုပ်တို့သည်မေးမြန်းကြပါသည်။ကျွန်ုပ်တို့၏သခင်ယေရှုသည် ခမည်းတော်နှင့်အတူ စုံလင်သောညီညွတ်ခြင်း၌ အမြဲတမ်းရှိခဲ့ပါသည်။သူ၏သဏ္ဍာန်တူညီခြင်းကို ဘုန်းအသရေနှင့်ကြွယ်ဝပြည့်စုံစွာထင်ဟပ်ပြခဲ့သောသားတဦးဖြစ်ပါသည်။သို့သော်ကျွန်ုပ်တို့နှင့်အတူ ထိုကဲ့သို့မရှိပါ။ ကျွန်ုပ်တိုသည် အပြစ်သားများဖြစ်ခဲ့ကြပြီး ချစ်ခြင်းမေတ္တာနှင့် လုံးဝထိုက်တန်သောသူများမဟုတ်ကြပါ။ မှန်ပါသည် ကျွန်ုပ်တို့သည် ဆေးကြောခြင်း၊စင်ကြယ်ခြင်းခံကြရပါသည်။ ဒါပေမဲ့မစုံလင်သောကျွန်ုပ်တို့၏ မြေအိုးများအား ယခုထိတိုင်ရှိနေနိုင်သော်လည်း နှလုံးသားကို ဖတ်နိုင်သော သူ၏အမြင်၌ကျွန်ုပ်တို့၏ နှလုံးသားတို့မှာ စုံလင်ကြပါသည်။သူသည်စုံလင်သောနှလုံးသားနှင့်အတူ (စုံလင်သောရည်ရွယ်ချက်၊စုံလင်သောသဘော)ကျွန်ုပ်တို့အားမြင်သည့်အတိုင်း ကျွန်ုပ်တို့၏ မစုံလင်သောဇာတိ၏ မတတ်စွမ်းနိုင်ခြင်းများနှင့် အားနည်းချက်များကို အောင်မြင်ရန်ကြိုးပမ်းလျက် ခေါ်တော်မူခြင်းမှ ကျွန်ုပ်တို့၏ ရွေးနုတ်ခြင်းအတွက် သူပြုလုပ်ခဲ့သောပြင်ဆင်မစပေးခြင်းများ၌ နှိမ့်ချစွာ ခိုလှုံကိုးစားလျက်၊ နာကျင်ခြင်းနှင့်အတူ သူ့အလိုတော်ကို လုပ်ဆောင်ရန် ခိုင်မာဆုံးဖြတ်ခြင်းသည် သူ၏ချစ်ခြင်းမေတ္တာနှင့် ထိုက်တန်သောအရာဖြစ်သည်ဟု ဘုရားသခင်သည် ကျွန်ုပ်တို့သိမှတ်ပါသည်။

## March 28 (မတ်လ ၂၈)

**ယေရှုခရစ်ထံ၌ကောင်းသောစစ်သူရဲကဲ့သို့ဆင်းရဲဒုက္ခကိုသည်းခံလော့။ (၂ တိ ၂း၃)**

စစ်မှန်သောစစ်သူရဲသည်သူ၏အမှုအရေးကို မဆွေးနွေးမငြင်းခုံပါ။ သူသည်အစေခံရန်မဝင်ရောက်ခင်၊အစေခံခြင်း၏တရားသဖြင့်စီရင်ခြင်းနှင့် ဖြောင့်မတ်ခြင်းအပေါ်တွင်သန္နိဋ္ဌာန်ချထားသောသူဖြစ်ပါသည်။(မဖြစ်မနေရှိနိုင်သည့်အရာများအတွက်)ထို့နောက်သူသည်၎င်းအားထုတ်ဖော်ပြောဆိုလျက်၎င်းနှင့်ကွဲလွဲဆန့်ကျင်ခြင်းများကိုခုခံပါသည်။သူသည်အရာခပ်သိမ်းကိုအသုံးပြုရန်အဆင်သင့်ဖြစ်သောသူဖြစ်ပြီး ၎င်းအားခုခံခြင်း၌ အရာခပ်သိမ်းကိုအသုံးပြုပါသည်။

ရိုးသားခြင်း၌၎င်း၊သစ္စာရှိခြင်းအားပြည့်စုံစေခြင်း၌၎င်း၊ခရစ်တော်အားအစေခံရန်သည်ဘုန်းအသရေနှင့်ကြွယ်ဝပြည့်စုံသောအရာဖြစ်ပါသည်။သေမင်းအရိပ်လွှမ်းမိုးသောချိုင့်ဝှမ်းနှင့်သွေးနှင့်စပ်ဆိုင်သောလယ်ကွင်း၏ အခြားတဘက်သည်အောင်မြင်သောဘုရင်တကာတို့၏ ဘုရင်၏ဝမ်းမြောက်ခြင်းနှင့်ငြိမ်သက်ခြင်းထဲသို့ ကြွယ်ဝစွာဝင်ရောက်ခြင်းဖြစ်သည်ကိုသိလျက်၊မှန်ကန်သောဘက်တွင်ရှိခြင်း၌ နုတ်ဖြင့်မမြွက်နိုင်သော ဝမ်းမြောက်ခြင်းရှိပါသည်။အဘယ်ကြောင့်ဆိုသော် ထိုမြော်လင့်ခြင်းသည် ဆင်းရဲဒုက္ခနှင့် စပ်ဆိုင်သောထိုးနှက်ခြင်းမှ တွန်းဆုတ်မသွားသောမြော်လင့်ခြင်း၊ ရန်သူတို့၏ဒေါသရှေ့၌ကြောက်ရွံ့ခြင်းမရှိသောမြော်လင့်ခြင်း၊ ဆာလောင်ခြင်း၊ရေငတ်ခြင်း၊အဝတ်အချည်းစည်းရှိခြင်း၊နာကျင်ခြင်း (သို့)သေခြင်းနှင့် စပ်ဆိုင်သောဇကေန်ဖြစ်စေမည့်အရာ ရှေ့၌ တုန်လှုပ်ခြင်းမရှိသော မြော်လင့်ခြင်းဖြစ်သောကြောင့် ဖြစ်ပါသည်။

## March 29 (မတ်လ ၂၉)

**ယုံကြည်သောအားဖြင့်ကျေးဇူးတော်ကြောင့် ကယ်တင်ခြင်းသို့ရောက်ရ၏။ကိုယ်အလိုအလျောက်ရောက်သည်မဟုတ်၊ဘုရားသခင်သနားတော်မူရာဖြစ်သတည်း။ (ဧ ၂း၉)**

ကျဆင်းလျက်ရှိသော လူသားမျိုးနွယ်မှ အင်္ဂါများဖြစ်သည့်အတိုင်း ကျွန်ုပ်တို့သည်ကျွန်ုပ်တို့၏သန့်ရှင်းတော်မူသောဘုရားသခင်လက်ခံနိုင်သော မည်သည့်အလုပ်ကိုမဆို လုပ်ဆောင်နိုင်ရန်တတ်စွမ်းနိုင်ခြင်းမရှိကြသောသူများဖြစ်ကြပါသည်။ ထို့ကြောင့် အသစ်သောသတ္တဝါအဖြစ် ကျွန်ုပ်တို့၏လက်ရှိရပ်တည်ချက်သည် လူဟောင်းမှလုပ်ခဲ့သော (သို့)လုပ်နိုင်ခဲ့သော တစုံတရာ၏ရလဒ်ကြောင့်မဟုတ်ပါ။ ကျွန်ုပ်တို့ကိုယ်တိုင်အားဖြင့်မဟုတ်ပါ။ ဘုရားသခင်သနားတော်မူရာ (သို့)ဘုရားသခင်၏လက်ဆောင်ဖြစ်ပါသည်။ဤသင်ခန်းစာကိုတလျှောက်လုံးအသိအမှတ်ပြုကြရမည်ဖြစ်ပါသည်။ သို့မဟုတ်လျှင် ကျွန်ုပ်တို့သည် ဆက်လက်ပြီး ကျဆင်းခြင်း၏ အန္တရာယ်၌ ရှိလိမ့်မည်ဖြစ်ပါသည်။

လူဟောင်းနှင့်စပ်ဆိုင်သော ဆင့်ကဲဖြစ်စဉ်တခုကဲ့သို့ အသစ်သောသတ္တဝါအား လုံးဝစဉ်းစားတွေးတောဖို့မဟုတ်ပါ။ ၎င်းသည်အသစ်ဖြစ်ပြီး သီးခြားဖန်ဆင်းခြင်းဖြစ်သည်ကို ကွဲပြားခြားနားစွာနားလည်ရန်ရှင်ပေါလုသည် ကျွန်ုပ်တို့အား အလိုရှိပါသည်။သခင်ယေရှုခရစ်၌ ကျွန်ုပ်တို့သည်အသစ်ဖန်ဆင်းခြင်းခံရကြသောသူများဖြစ်ကြပါသည်။ကောင်းသောအလုပ်များ(အကျင့်)များအားဖြင့်မဟုတ်ကောင်းသောအလုပ်များ(အကျင့်)အတွက်ဘုရားသခင်သည်ကျွန်ုပ်တို့ကိုပြင်ဆင်တော်မူခဲ့ပါသည်။

## March 30 (မတ်လ ၃၀)

**သို့ဖြစ်၍ဤအရာအလုံးစုံတို့သည်ကုန်စင်မည်မှန်သောကြောင့်. . . သန့်ရှင်းသောအကျင့်ကို ကျင့်ခြင်း၊ဘုရားဝတ်၌မွေ့လျော်ခြင်းအားဖြင့်၊အဘယ်သို့သောသူဖြစ်အပ်ကြသနည်း။**

**(၂ ပေ ၃း၁၁-၁)**

ဘုရားသခင်နှင့်ပုံသဏ္ဍာန်တူညီခြင်းတွင်ထိခိုက်နစ်နာစေသောမည်သည့်အတင်းအဖျင်းစကား များ၊ မစင်ကြယ်(သို့)မသန့်ရှင်းသောမည်သည်ပြောဆိုခြင်းများမရှိသလို ၊သစ္စာမဲ့သော(သို့) ပုန်ကန်သောမည်သည့်စကားလုံးမဆိုမပါဝင်နိုင်သည်မှာ အသေအချာဖြစ်ပါသည်။ရိုးသားဖြူစင်ခြင်းနှင့် သမ္မာတရား၌ခရစ်တော်၏နံမည်ကိုမှည့်ခေါ်ကြသော သူအားလုံးထံမှ ဤကဲ့သို့သောအရာများကိုအဝေး သို့ဖယ်ရှားကြပါစို့။

ကျွန်ုပ်တို့အားဆန့်ကျင်ဟန့်တားလျက်ရှိသော ခွင့်မလွှတ်ခြင်း၊နောင်တမရခြင်းနှင့်အချည်းနှီးသောစကား များအတွက် မှတ်တမ်းမရှိဖို့အသေအချာပြုလုပ်ရန် သခင်ဘုရားနှင့်အတူ ကျွန်ုပ်တို့စာရင်းများကိုရှင်းရန် နေ့စဉ်အောက်မေ့သတိရကြပါစို့။အကယ်၍ကျွန်ုပ်တို့သည်ကျွန်ုပ်တို့၏စာရင်းမျာကို ဘုရားသခင်ထံ နေ့စဉ်ပြန်လည်ပေးအပ်လျက်လာမည့်နေ့ရက်တရက်စီနှင့်အတူ သာ၍ကြီးစွာသော အောင်မြင်ခြင်းတန်ခိုး အတွက် သူ၏ မစခြင်းကျေးဇူးကိုရှာဖွေမည်ဆိုလျှင် ကျွန်ုပ်တို့သည် သူ၏နှစ်သက်လက်ခံသောသူများဟု ကျွန်ုပ်တို့၏စိတ်ဝိညာဉ်များနှင့်အတူ သန့်ရှင်းသောဝိညာဉ်တော်၏ သက်သေခံချက်ရှိလျက် ကျွန်ုပ်တို့သည် ခရစ်တော်အားဖြင့် ဘုရားသခင်ရှေ့တော်မှောက်နှင့် တရားစီရင်ခြင်း၌ အပြစ်မရှိကြောင်း စီရင်ခြင်းခံလိမ့်မည်ဖြစ်ပါသည်။

## March 31 (မတ်လ ၃၁)

**ယုံကြည်ခြင်းနှင့်ဆိုင်သောကောင်းစွာသောတိုက်လှန်ခြင်းကိုပြုလော့။ထာဝရအသက်ကိုကိုင်ယူ လော့။ထိုအသက်ကိုရမည်အကြောင်းသင်သည်ခေါ်တော်မူခြင်းကိုခံရ၍ သက်သေအများတို့ ရှေ့၌ကောင်းမွန်စွာဝန်ခံပြီ။ (၁ တိ ၆း၁၂)**

ကျွန်ုပ်တို့၏စစ်ပွဲသည် အများလူထုနှင့်ဆိုင်သောအမျိုးအစားမျိုးပို၍ဖြစ်သည်ဖြစ်စေ(သို့)ကိုယ် တဦးတယောက်တည်းနှင့်သာဆိုင်သောအမျိုးအစားမျိုးပို၍ဖြစ်သည်ဖြစ်စေစစ်ပွဲကတော့ရှိရမည်ဖြစ်သော်လည်း ဤအရာထက်ပိုမိုသာလွန်ပါသည်။ တိုးတက်ခြင်းနှင့်အောင်မြင်ခြင်းရှိရမည်ဖြစ်ပါသည်။ သို့မဟုတ်လျှင် အောင်မြင်သောသူများအဖြစ် သခင်ဘုရားအားဖြင့် ကျွန်ုပ်တို့ကို ဘယ်တော့မှလက်ခံနိုင်မည် မဟုတ်ပါ။

ကျွန်ုပ်တို့အားလုံး၏စိတ်နှလုံးထဲ၌ အခြားအတွေးတခုမွေးဖွားသင့်ကြပါသည်။သူ၏မှန်းဆချက်ကို ပြုလုပ်ခြင်း၌ သခင်ဘုရားသည်ကျွန်ုပ်တို့၏ အားထုတ်မှုများအားဖြင့် ရရှိထားသောရလဒ်များထက် ကျွန်ုပ်တို့အားလှုံ့ဆော်ခဲ့သော အသက်နှင့်စပ်ဆိုင်သောအသိပညာကို ယူဆောင်လိမ့်မည်ဖြစ်ပါသည်။ ဤရှုထောင့်၌ ကျွန်ုပ်တို့၏ လက်များလုပ်ဆောင်ရန်တွေ့ရှိသောအရာကို ကျွန်ုပ်တို့တတ်စွမ်းနိုင်သမျှနှင့်အတူ လုပ်ဆောင်ရုံသာမကသခင်ဘုရားနှင့်သူ၏အမှုကိစ္စအတွက် ကျွန်ုပ်တို့၏ယဇ်ပူဇော်ခြင်းတိုင်းနှင့်လက်

ဆောင်သည့်အချည်းနှီးသောဘုန်းအသရေမှမဟုတ်ဘဲသူနှင့်သူ၏အမှုကိစ္စကို ချစ်သောချစ်ခြင်းမေတ္တာမှပြုလုပ်သကဲ့သို့ သခင်ဘုရားသဘောတူထောက်ခံလိမ့်မည်ဖြစ်သော ချစ်ခြင်းမေတ္တာနှင့်အလွန်ပြည့်ဝသောပေးဆပ်ခြင်းဖြစ်သည်ကို သိရှိနားလည်ကြပါစို့။